**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ (၂၀-၇-၂၀၂၆)**

**အစည်းအဝေးမှတ်တမ်းအကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးလှဝင်းဦး၊ ပခုက္ကူမဲဆန္ဒနယ်**က ပခုက္ကူမြို့ အနောက်ဘက်ရှိ ကျွန်းဦး၊ စပယ်ဦးနှင့် ကျွန်းညိုရွာသစ်ကျေးရွာများအား ရေကြောင်းပြောင်းခြင်းနှင့် မြစ်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က ကျေးရွာများ မြစ်ရေတိုက်စားမှုမှ သက်သာစေရေး ကမ်းပါးထိန်းသိမ်းခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရေကြောင်းပြောင်းလဲခြင်းလုပ်ငန်းအား နယ်မြေလုံခြုံရေးစိတ်ချရသည့်အချိန်တွင် ရန်ပုံငွေရရှိရေးတင်ပြ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၊ လပွတ္တာမဲဆန္ဒနယ်**က လပွတ္တာမြို့နယ်အတွင်းရှိ ဆားကျင်းချောင်း တိမ်ကောမှုအား တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က တူးဖော်မည့်ကုန်ကျစရိတ်နှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးအား နှိုင်းယှဉ်သုံးသပ်ရမည်ဖြစ်၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း ဖြစ်နိုင်ချေဆန်းစစ်ခြင်းနှင့် လုပ်ငန်းအစီအမံတို့ကို ရေးဆွဲတင်ပြနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးကျော်ကျော်အောင်၊ ဝိုင်းမော်မဲဆန္ဒနယ်**က ဝိုင်းမော်မြို့နယ် မြစ်ကမ်းဘေးနေရာများတွင် ရေကာတာ မြစ်ကမ်းထိန်းနံရံ (၈၂၅၀) ပေအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အပြီးဆောင်ရွက်နိုင်ခြင်းမရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်း မေးမြန်းပါသည်။ | **ပို့ဆောင်ရေးဝန်ကြီးဌာန**က ဟိုးလော်ရွာအနီးရှိ ဆောင်ရွက်ရန်ကျန် မြေထိန်းနံရံ တမံစီခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထား၍ ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရေတိုက်စားနိုင်သည့် ဗောဓိကုန်းနှင့် မခဏ္ဍီး ကျေးရွာကြားအပိုင်းအား နှစ်အလိုက် လျာထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၄။ | **ဒေါ်ဆွေဆွေသင်း၊ ပေါင်းတည်မဲဆန္ဒနယ်**က ပေါင်းတည်မြို့နယ်၊ မြို့တွင်းရွာ အခြေခံမူလတန်းကျောင်းအား အ.မ.က(မူလွန်)/ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က လက်ရှိအချိန်တွင် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၅။ | **ဦးခင်မောင်မြင့်၊ တိုက်ကြီးမဲဆန္ဒနယ်**က တိုက်ကြီးမြို့နယ် အတွင်းရှိ ကျောင်းကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း အား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးပြီး မူလတန်းလွန် ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလို ခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က ကျောင်းသားဦးရေ ၇၆ ဦးသာရှိပြီး ကျောင်းသားနှင့် တန်းခွဲအချိုးအရ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်နှင့် ကျောင်းအဆင့် တိုးမြှင့်ပေးရန် မရှိသေးပါကြောင်း၊ အနာဂတ်တွင် ကျောင်းသားဦးရေ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက ကွင်းဆင်းစစ်ဆေး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးထွန်းထွန်းနိုင်၊ စဉ့်ကိုင်မဲဆန္ဒနယ်**က စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေး ကျေးရွာရှိ အခြေခံပညာ(တွဲ)ကျောင်းအား မူလတန်းကျောင်း (ခွဲ)အဖြစ် ဖွင့်လှစ်နိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က သတ်မှတ်ကျောင်းသားဦးရေနှင့် ကျောင်း မြေပိုင်ဆိုင်မှုစံနှုန်း ပြည့်မီမှုမရှိသေး၍ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် လိုအပ်သည့် ဆရာ၊ ဆရာမများကို အမြန်ဆုံး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဒေါ်ဥမ္မာမိုမိုဇော်၊ သဲကုန်းမဲဆန္ဒနယ်**က သဲကုန်းမြို့နယ် အင်းမ- ဆင်မြီးဆွဲကျေးလက်လမ်းမှ ကျန်ရှိသော (၁၄)မိုင်ခန့်အား နှစ် အလိုက် ဆက်လက်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် လမ်းပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး မြေသားလမ်း တစ်မိုင်အား ကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် လျာထားကာ ကျန်လမ်းပိုင်းများအား နှစ်အလိုက်လျာထား ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်**က ကျောင်းကုန်း မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ရေခလုတ်- ဒေါင့်ကြီးလမ်း၊ ရုံးတော-ပုဂံစုလမ်း၊ ပန်းတောရိုး-ဝက်ခြံဂယက် လမ်းများအား အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် မည်မျှဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ပျက်စီးမှုများပြားသည့် ရေခလုတ်- ဒေါင့်ကြီးလမ်းပိုင်း တစ်မိုင်နှင့် ရုံးတော-ပုဂံစုလမ်းပိုင်း မြေသားလမ်း တစ်မိုင်အား ကျောက်ခင်းခြင်း၊ ပန်းတောရိုး-ဝက်ခြံဂယက် လမ်းပိုင်း အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်လမ်းပိုင်းများအား နှစ်အလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၉။ | **ဦးလှမြင့်၊ မတ္တရာမဲဆန္ဒနယ်**က မတ္တရာမြို့နယ်ရှိ တံငါတံတားအား ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်**က တင်သွင်းသည့် "အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံ အမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန် လိုအပ်ကြောင်း၊ My Myanmar အမည်တပ် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ်(အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက်၊ ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်း တင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်သော၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အကြံပြု" အဆို | ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၉ ဦးက ဆွေးနွေးခဲ့ပြီး ဆွေးနွေးသည့်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီး ဌာနတို့က အလေးအနက်ထားထောက်ခံပြီး အဆင့်ဆင့်လိုအပ်ချက်ကြောင့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်၍ လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ဆုံးဖြတ်ပါသည်။ |
| ၁၁။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း"** | ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၁-၇-၂၀၂၆ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါသည်။ |